# ပြည်ထဲရေး

သတင်းလွှာ

အတွဲ (၁၉)၊ အမှတ် (၉)　　２၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်


## စက်တင်ဘာလ ၁ ရက်၊ (၇၃)နှစ်မြောက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန အထိမ်းအမှတ် "အထူးထုတ်"

## ပြည်ထဲရေးဝန်ကြီးဌာနမိသားစု (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၁-၇-၂၀၂၄ ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နှင့် ဇနီးတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။



အဆိုပါအခမ်းအနားသို့ နေပြည်တော်ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ





သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ အမှူးပြုသော ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**စာမျက်နှာ (၃)သို့**

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ (၇၃)နှစ်မြောက်နှစ်ပတ်လည်နေ့ဂုဏ်ပြုဆောင်းပါး "ထိုက်ထိုက်တန်တန်"**

စာ(၅)သို့

**လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်း အမှတ်စဉ်(၂၂/၂၀၂၄) သင်တန်းဆင်းဂုဏ်ပြုပွဲအခမ်းအနားကျင်းပ**

စာ(၇)သို့

**ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်**

စာ(၁၆)သို့

# အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်




အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ၁-၉-၂၀၂၄ ရက်နေ့တွင် ရုံးအမှတ်(၄၉)၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန စုစည်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။




အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ပြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ လုပ်ရှားဆောင်ရွက်ခဲ့မှု မှတ်တမ်း **Video Clip** ပြသမှုအား ကြည့်ရှုခဲ့ပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ပြီး ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄/၂၀၂၃)မှ အကောင်းဆုံးသင်တန်းသား ထူးချွန်ဆုရရှိသူ (၁)ဦးနှင့် လုပ်ငန်းထူးချွန်ဆုရရှိသူ(၃)ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄/၂၀၂၃)မှ ဥပဒေဘာသာရပ်ထူးချွန်ဆုရရှိသူ(၁)ဦးနှင့် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ(၁)ဦး၊ စုစုပေါင်း(၂)ဦးအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းတွင် တတိယဆုရရှိသူ ဝန်ထမ်း(၁)ဦးအားလည်းကောင်း အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် (၆)ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သည့် ကျောင်းသူ(၁)ဦးအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဆုရရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြပြီး အခမ်းအနားပြီးဆုံးခဲ့ကြောင်း သတင်းရရှိပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာနမိသားစု (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ...မှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်ဇနီးတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အစီအစဉ်အရ ပြည်ထဲရေးဝန်ကြီးဌာန မိသားစု၏ (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပါဠိတက္ကသိုလ် မင်္ဂလာဗေယျာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များနာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ပါဠိတက္ကသိုလ်၊ မင်္ဂလာဗေယျာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းများနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာသူများက ပါဠိတက္ကသိုလ်မင်္ဂလာဗေယျာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားတော်နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ဦးဆောင်၍ တာဝန်ရှိသူများသည် ပါဠိတက္ကသိုလ်မင်္ဂလာဗေယျာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

## (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပပြုလုပ်

၁-၉-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို မွန်ပြည်နယ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ရှမ်းပြည်နယ်ရုံးနှင့် ရောဝတီတိုင်းဒေသကြီးရုံးတို့တွင်ပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် ဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်ပေးအပ်ခြင်း၊ သင်တန်းထူးချွန်ဆုရရှိသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း၊ ဝန်ထမ်းနှင့်မိသားစုဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ခေတ်အဆက်ဆက်ဖြစ်တည်မှုသမိုင်းဆိုင်ရာ **Video Clip** ပြသခြင်း၊ ဝန်ထမ်းများအား ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်း၊ ဝန်ထမ်းများအား တူညီဝတ်စုံများ ပေးအပ်ခြင်းနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ဝန်ထမ်း/မိသားစုဝင်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မွန်ပြည်နယ်**




**ရန်ကုန်တိုင်းဒေသကြီး**




**ရှမ်းပြည်နယ်**




**ရောဝတီတိုင်းဒေသကြီး**



# (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပပြုလုပ်

၁-၉-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (၇၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကယားပြည်နယ်ရုံး၊ ကရင်ပြည်နယ်ရုံး၊ ချင်းပြည်နယ်ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ပဲခူးတိုင်းဒေသကြီးရုံး၊ မကွေးတိုင်းဒေသကြီးရုံး၊ မန္တလေးတိုင်းဒေသကြီးရုံးတို့တွင်ပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ညွှန်ကြားရေးမှူးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသည့် ဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်ပေးအပ်ခြင်း၊ သင်တန်းထူးချွန်ဆုရရှိသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း၊ ဝန်ထမ်းနှင့်မိသားစုဝင်များအား အခြေခံစားသောက်ကုန်များထောက်ပံ့ပေးအပ်ခြင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ ခေတ်အဆက်ဆက်ဖြစ်တည်မှုသမိုင်းဆိုင်ရာ **Video Clip** ပြသခြင်း၊ ဝန်ထမ်းများအား ပျော်ပွဲရွှင်ပွဲများပြုလုပ်ပေးခြင်း၊ ဝန်ထမ်းများအား တူညီဝတ်စုံများပေးအပ်ခြင်းနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ဝန်ထမ်း/ မိသားစုဝင်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ကယားပြည်နယ်



ကရင်ပြည်နယ်



ချင်းပြည်နယ်



စစ်ကိုင်းတိုင်းဒေသကြီး



တနင်္သာရီတိုင်းဒေသကြီး



ပဲခူးတိုင်းဒေသကြီး



မကွေးတိုင်းဒေသကြီး



မန္တလေးတိုင်းဒေသကြီး



## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်ပါး

# ထိုက်ထိုက်တန်တန်

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ ကြီးကြပ်လမ်းညွှန်မှု၊ ဌာနအကြီးအကဲများ၏ဦးဆောင်မှုဖြင့် ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို မျက်နှာကြီးငယ်၊ မရွယ်မထောက် စွမ်းအားအပြည့်ဖြင့် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။

၂။ သမိုင်းအစဉ်အလာအရ ဝိသမလောဘသားစီးပွားရေးသမားများနှင့် အကျင့်ပျက်ဝန်ထမ်းများကို ဖော်ထုတ်အရေးယူခဲ့ပြီးဖြစ်သည့်အပြင် မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်နှင့် အများပြည်သူတို့၏မျက်နှာကို ငဲ့ညှာထောက်ထားမှုမရှိ ကိုယ်ကျိုးအတွက်ကိုသာကြည့်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပူးပေါင်းပါဝင်ပတ်သက်သည့် ဝန်ထမ်းများကိုလည်း စစ်ဆေးအရေးယူလျက်ရှိပါသည်။

၃။ ဦးစီးဌာနကြီး စတင်ဖွဲ့စည်းတည်ထောင်ချိန်မှယနေ့အထိ စစ်ဆင်ရေးအသွင်ဖြင့် တစ်မျိုး၊ သာမန်စုံစမ်းစစ်ဆေးမှုအသွင်ဖြင့်တစ်ဖုံ လုပ်ငန်းများကို ပြောင်းမြောက်စွာ ဆောင်ရွက်လျက်ရှိပါသည်။ သာမန်စစ်ဆေးမှုလေးမှသည် ကျယ်ပြန့်နက်နဲသည့်အမှုကြီးအဖြစ်ပါ ပြောင်းလဲသွားစေသည်အထိ သေသပ်ပိရိစွာ စုံစမ်းဖော်ထုတ်၍ ဥပဒေကြောင်းအရ အရေးယူနိုင်ခဲ့သည့်ဌာနဖြစ်ပါသည်။

၄။ "စုံစမ်းစစ်ဆေးခြင်းသည် အမှန်တရားကိုရှာဖွေခြင်းဖြစ်သည်" ဟူသည့် လုပ်ငန်း၏ရည်ရွယ်ချက်ကို ဖော်ညွှန်းထားသည့်ဆောင်ပုဒ်နှင့်အညီ ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့်ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ဆောင်ရွက်လျက်ရှိသည့်အပြင် ဦးစီးဌာန၏ လုပ်ငန်းစွမ်းရည်၊ လုံခြုံရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်များ အစဉ်တိုးတက်လာစေရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။ လတ်တလောတွင် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် အဆက်ဌာနများမှ တာဝန်ပေးအပ်လာသည့် စုံစမ်းမှုများအပြင် ငွေကြေးခဝါချမှုများကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိပါသည်။ ထို့အပြင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့လာသည့် တိုင်ကြားစာများအနက် နိုင်ငံတော်နှင့် အများပြည်သူဆုံးရှုံးနစ်နာစေသည့် တိုင်ကြားစာများကို ပြည်ထဲရေးဝန်ကြီးဌာနသို့တင်ပြခွင့်ပြုချက်ရယူ၍ စုံစမ်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို ပြန်လည်တင်ပြကာ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၅။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက စုံစမ်းစစ်ဆေးခဲ့သည့်အမှုများမှ ပြည်သူ့ဘဏ္ဍာငွေများစွာရရှိခဲ့သည့်အနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်အထိ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ၄၃ မှု တရားစွဲတင်ပို့နိုင်ခဲ့ပြီး သက်ဆိုင်ရာတရားရုံးများက လူပုဂ္ဂိုလ် ၁၂၀ ဦးကို ပြစ်ဒဏ်များချမှတ်ခဲ့ပါသည်။ ထို့အပြင် မြန်မာကျပ်ငွေ ၆၄,၂၇၆ ဒသမ ၁၇၅ သန်း၊ အမေရိကန်ဒေါ်လာ ၅၃၆,၇၅၃ ဒသမ ၃၂ ဒေါ်လာ အပါအဝင် နိုင်ငံခြားငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းနိုင်ခဲ့ပါသည်။ ထို့အပြင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသို့ တာဝန်ပေးအပ်ခဲ့သည့်အမှု ၁၁၉ မှုမှ မြန်မာကျပ်ငွေ ၁၂၅,၆၈၇ ဒသမ ၇၇ သန်း၊ အမေရိကန်ဒေါ်လာ ၁၂၇၈ ဒသမ ၀၂ ဒေါ်လာ၊ ထိုင်းဘတ် ၄၁၈,၃၂၀ အပါအဝင် နိုင်ငံခြားငွေများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ပါသည်။

၆။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် အစဉ်အဆက် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် သစ္စာရှိစွာ ကြိုးစားခဲ့ကြသဖြင့် ဌာနကြီးမှာ လူရိုသေရှင်ရိုသေဌာနကြီးအဖြစ် အစိုးရအဆက်ဆက်နှင့် အများပြည်သူ၏ ယုံကြည်ကိုးစားမှုကို ထိုက်ထိုက်တန်တန် ရရှိထားပေသည်။

၇။ ဌာနကြီးက စုံစမ်းစစ်ဆေးနေသည့်စုံစမ်းမှုများတွင် ကျူးလွန်သည့် ပြစ်မှုများမှာ ခေတ်ကာလပြောင်းလဲတိုးတက်လာသည်နှင့်အညီ နက်နဲသိမ်မွေ့သည့် ပြစ်မှုများဖြစ်လာနေပေသည်။ အထူးသဖြင့် နည်းပညာပိုင်းဆိုင်ရာအရ ကျူးလွန်ကြသည့်ပြစ်မှုများလည်း ရောနှောပါဝင်လာပေသည်။ ယခင်က စာရွက်စာတမ်းများအသုံးပြု၍ ပြစ်မှုများကျူးလွန်ခဲ့ကြသဖြင့် စုံစမ်းစစ်ဆေးမှု လုပ်ငန်းအတွက် အဓိကရှာဖွေရသည့် သက်သေအထောက်အထားများမှာ ငြိမ်သက်နေသည့်သဘော၊ အသေသဘောရှိသော်လည်း လတ်တလော ကျူးလွန်သောပြစ်မှုများမှာ အင်တာနက်အွန်လိုင်းအခြေခံကာ ကျူးလွန်လာပြီး ကွယ်ပျောက်နေသည့် သက်သေအထောက်အထားများကို နည်းပညာအကူအညီနှင့် ရှာဖွေဖော်ထုတ်ရသဖြင့် နက်နဲပြီးအနှစ်ပါလာလျက်ရှိပါသည်။ နည်းပညာပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့်ဥပဒေများမှာလည်း အသုံးပြုမှုနည်းနေသေးသဖြင့် အသားတကျမရှိဖြစ်နေရာ ဌာနဝင်ဝန်ထမ်းများအနေဖြင့် နည်းပညာများတတ်သိလာစေရေးနှင့် ထုတ်ပြန်ထားသည့် ဥပဒေများ၏ ဆိုလိုချက်ကို အသေးစိတ်လေ့လာထားကြရန် လိုအပ်လာပါသည်။

၈။ မျိုးဆက်သစ်ဌာနဝင်ဝန်ထမ်းများအနေဖြင့် ဌာန၏လုပ်ငန်းများ အောင်အောင် မြင်မြင်ရှိစေရန်အတွက် တတ်စွမ်းသမျှကို အပတ်တကုတ် လေ့လာဆန်းစစ် သင်ယူနေရမည်ဖြစ်ပါသည်။ ပြောင်းလဲလာသည့် ရေစီးကြောင်းတွင် အလွယ်တကူလိုက်ပါစီးမြောရင်း မိမိတို့တာဝန်ယူ လုပ်ကိုင်နေရသည့်လုပ်ငန်းများ လွယ်လင့်တကူပြီးမြောက်စေရေး၊ အခက်အခဲနှင့် တွန့်ဆုတ်မှုမရှိစေရေး၊ နိုင်ငံတော်နှင့် အများပြည်သူတို့၏ ယုံကြည်ကိုးစားမှုကို ထိုက်ထိုက်တန်တန် ဆက်လက်ရရှိနေစေရေးတို့မှာ မိမိတို့၏ ကြိုးစားအားထုတ်မှု၊ တွေးတောဆင်ခြင်အားကောင်းမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုတို့အပေါ်တွင် မူတည်ပါကြောင်း ခံယူစိတ်ကိုမွေး၍ သစ္စာရှိစွာ ဆက်လက်ကြိုးစား အားထုတ်ကြစေချင်ပါသည်။

၉။ ဌာနဝင်ဝန်ထမ်း တစ်ဦးတစ်ယောက်၏အမှားမှသည် ဌာနကြီး၏ ဂုဏ်သတင်းနှင့်ပုံရိပ်များ ကျဆင်းမေးမှိန်မှုမရှိစေရေး ဝန်ထမ်းတစ်ဦးတစ်ယောက်ချင်းစီက စောင့်ထိန်းကြရန်လိုအပ်ပါသည်။ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တိုးတက်မှုအတွက် ကြိုးစားအားထုတ်နေကြရင်း ဌာနကြီးက အားကိုးရသည့်၊ အားထားရသည့် ဝန်ထမ်းကောင်းများဖြစ်ကြစေရေး အားကိုးအားထားပြုမှုနှင့် ထိုက်တန်သည့်ဝန်ထမ်းများဖြစ်ကြစေရေး ကြိုးစားနေကြစေချင်ပါသည်။

**သန်းထွဋ်ဝင်း**

## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲပြုလုပ်

၂၆-၇-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးဖွဲ့သူအောင်၏ ဦးဆောင်မှုဖြင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမှုအား ကျင်းပပြုလုပ်ခဲ့ရာ စစ်တွေမြို့၊ ဆုတောင်းပြည့်ဗုဒ္ဓရိယတ္တိကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသပါ သံဃာတော်(၃)ပါးအားပင့်ဖိတ်၍ ဝန်ထမ်းနှင့်မိသားစုဝင်များက ပရိတ်တရားတော်နာယူခြင်း၊ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းတို့ကိုဆောင်ရွက်ပြီး သံဃာတော်များအား ခေါက်ဆွဲသုပ်နှင့်အချိုပွဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များအား ခေါက်ဆွဲသုပ်ဖြင့်ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိပါသည်။



## သံဃာတော်များအား တစ်ရက်တာ ဆွမ်းစရိတ်လှူဒါန်း



၂၆-၇-၂၀၂၄ ရက်နေ့တွင် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြီးတို့မှ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော်များအား တစ်နေ့တာအတွက် ဆွမ်းစရိတ်ငွေကျပ် ၁,၈၀၀,၀၀၀/-(ကျပ်တစ်ဆယ့်ရှစ်သိန်းတိတိ)အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

၁၀-၇-၂၀၂၄ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်တို့မှ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ မြစ်ကြီးနားမြို့ ရေဘေးသင့်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းနှင့် မိသားစုများအတွက် ထောက်ပံ့ပေးအပ်ခဲ့ရာ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးမှ ရေဘေးသင့်ဝန်ထမ်း တစ်ဦးလျှင် ၅၄,၀၀၀/-တန်ဖိုးရှိ ဆန်(၅)ပြည်၊ ဆီ(၁)ပိဿာ၊ ကုလားပဲ(၁)ပိဿာနှင့် ကြက်ဥအလုံး (၃၀)နှုန်းဖြင့် ရေဘေးသင့်ဝန်ထမ်း(၁၄)ဦးအတွက် စုစုပေါင်းတန်ဖိုးငွေ ၇၅၆,၀၀၀/-(ကျပ်ခုနစ်သိန်းငါးသောင်းခြောက်ထောင်တိတိ)ရှိ ရိက္ခာပစ္စည်းများ ပြန်လည်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။




## တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်



၁၁-၈-၂၀၂၄ ရက်နေ့တွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး စည်းရုံးရေးကော်မတီနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ၁-၉-၂၀၂၄ ရက်နေ့တွင် ကျရောက်မည့် (၇၃)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့တွင် ဝတ်ဆင်နိုင်ရန်အတွက် အမျိုးသမီးဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ဇနီး(၃၈)ဦးတို့အား တန်ဖိုးငွေ ၈၈၃,၉၀၀/-(ကျပ်ရှစ်သိန်းရှစ်သောင်းသုံးထောင့်ကိုးရာ)ရှိ တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## စေတုတ္တရာမြို့နယ်တွင် ဆီမြီးချောင်းရေမြင့်တက်ပြီး မြေနိမ့်ပိုင်းနေရာများသို့ ရေဝင်ရောက်မှုဖြစ်ပွား



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်တွင် ၂-၈-၂၀၂၄ ရက်နေ့၊ ၀၆ ၅၀ အချိန်ခန့်တွင် ဆီမြီးချောင်းရေမြင့်တက်ပြီး မြေနိမ့်ပိုင်းနေရာများသို့ ရေဝင်ရောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် စေတုတ္တရာမြို့နယ်မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၂၅)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ချောင်းရေဝင်ရောက်သည့် နေအိမ်များမှ အသုံးအဆောင်ပစ္စည်းများအား ရေလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေကျော်သည့်နေရာများအား ရေထိန်းနံရံအဖြစ် သဲအိတ်၊ ကျောက်အိတ်များဖြင့် ပိတ်ဆို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။


## ထားဝယ်မြို့၊ ကြက်စာပြင်ရပ်ကွက်၊ ကမ်းနားလမ်း၊ ထားဝယ်မြစ်အတွင်း မ(၁)ဦး ရေနစ်မှုဖြစ်

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ကြက်စာပြင်ရပ်ကွက်၊ ကမ်းနားလမ်း၊ ကြက်စာပြင်အုပ်ချုပ်ရေးမှူးရုံးနံဘေးရှိ ထားဝယ်မြစ်အတွင်း မ(၂)ဦး ရေဆင်းကူးရာမှ (၁)ဦး ရေနစ်ပျောက်ဆုံးမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ထားဝယ်မြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးစက်လှေ(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၁၁)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၁၀-၈-၂၀၂၄ ရက်နေ့၊ ၀၈ ၃၀ အချိန်ခန့်တွင် ငါးဖမ်းလှေများ ဆိုက်ကပ်ထားသည့်နေရာမှ မကေသီသွယ်(၁၄-နှစ်)အား ရှာဖွေတွေ့ရှိခဲ့ပြီး ဇမ္ဗူသီရိလူမှုကူညီရေးအသင်းမှ သူနာတင်ယာဉ်ဖြင့် ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



# ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တွင် လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်းအမှတ်စဉ်(၂၂/၂၀၂၄)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ







ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း မီးဘေးလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန် အရည်အချင်းပြည့်ဝသောအရာရှိငယ်များ စဉ်ဆက်မပျက်၊ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တွင် လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်းအမှတ်စဉ်(၂၂/၂၀၂၄)အား သင်တန်းသား/သူ(၁၆၃)ဦးဖြင့် ၂၅-၃-၂၀၂၄ ရက်နေ့မှ ၉-၈-၂၀၂၄ ရက်နေ့ထိ ရက်သတ္တပတ်(၂၀)ပတ် ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ၉-၈-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်က စစ်ရေးပြကွင်းတွင် ကျင်းပပြုလုပ်ခဲ့ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ တက်ရောက်၍ ကျောင်းဆင်းမိန့်ခွန်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က လက်ထောက်မီးသတ်ဦးစီးမှူးလောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး ကျောင်းဆင်းတပ်ခွဲမှ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ညွှန်ကြားရေးမှူးချုပ်အား ချီတက်အလေးပြုကြသည်။ ၄င်းနောက်သင်တန်းတွင် အကောင်းဆုံးဆုရရှိခဲ့သော သင်တန်းသား/သူများအား ဆုများ အသီးသီး ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ်က မိန့်ခွန်းပြောကြားရာတွင် "မီးသတ်ပညာရပ်တွေ ရှာဖွေကယ်ဆယ်ရေးပညာရပ်တွေနဲ့ စာပေပညာရပ်တွေကို ဖွဲ၊ လုံ့လ၊ ဝီရိယအပြည့်နဲ့ အပတ်တကုတ် ကြိုးစားသင်ယူ အောင်မြင်ခဲ့ကြပြီး ပြည်သူလူထုကယုံကြည်အားထားရမယ့် မီးသတ်အရာရှိများအဖြစ် မိမိတို့ တာဝန်ကျရာဒေသအသီးသီးမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရမှာဖြစ်လို့ လုပ်ငန်းခွင်နယ်ပယ်အသီးသီးမှာ အသုံးချနိုင်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဒါ့အပြင် နိုင်ငံတစ်နိုင်ငံမှာဖြစ်စေ၊ အဖွဲ့အစည်းအသီးသီးမှာဖြစ်စေ ခေါင်းဆောင်တွေရဲ့အခန်းကဏ္ဍဟာ အရေးကြီးကြောင်းနှင့် ခေါင်းဆောင်ကောင်းရင် စည်းလုံးညီညွတ်မှုကောင်းသလို ကိုယ်တိုင်စံနမူနာပြဖြစ်အောင် နေထိုင်ပြီး လက်အောက်ကယုံကြည်အားကိုးလာအောင် မီးသတ်တပ်ဖွဲ့အနေနဲ့ ကွပ်ကဲအုပ်ချုပ်တဲ့ ခေါင်းဆောင်တွေကောင်းမွန်မှသာ တပ်ဖွဲ့တိုးတက်မှာဖြစ်ပြီး ခေါင်းဆောင်မှုညံ့ဖျင်းတဲ့အခါ တပ်ဖွဲ့အတွက် ဆုံးရှုံးနစ်နာမှုတွေဖြစ်လာနိုင်တာကြောင့် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြတော့မယ့် မီးသတ်အရာရှိများအနေနဲ့မှန်ကန်တဲ့ ခေါင်းဆောင်မှုတွေပေးဖို့ လိုအပ်မှာဖြစ်ကြောင်း၊ ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်နှင့် သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ဖွဲ့စည်းထားတဲ့အားလျော်စွာ နိုင်ငံတော်ရဲ့ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစတဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်ကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ စီမံခန့်ခွဲမှုနဲ့အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်မှာကြုံတွေ့ရမယ့် အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ဆိုရင် တပ်ဖွဲ့အတွင်းမှာမရှိမဖြစ်လိုအပ်တဲ့ **Men Power** ၊ **Equipment Power** နဲ့ **Technology Power** များ ဟန်ချက်ညီညီတိုးတက်လာစေဖို့ အမြဲမပြတ်ကြိုးပမ်းအားထုတ်ရန် လိုအပ်ကြောင်း"မှာကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့်ဇနီး ဒေါ်ခင်ယုံ၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယကျောင်းအုပ်ကြီး၊ ဖိတ်ကြားထားသော တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အရာရှိကြီးများ၊ အရာရှိများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နည်းပြအရာရှိများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းသား/သူများနှင့် ၄င်းတို့၏ မိသားစုဝင်များတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မီးဘေးလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း(အထူး) (Course on Fire Safety Management For Government Officials) အမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားပြုလုပ်






နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကြီးမားသည့် အနှောက်အယှက် အဟန့်အတားများဖြစ်သော မီးဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ စနစ်တကျလျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးနှင့်စက်မှုလုပ်ငန်းများမှ မီးဘေးလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲသူများ မွေးထုတ်ပေးပြီး သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီး၏ မီးဘေးလုံခြုံရေးလုပ်ငန်းများအား စနစ်တကျစီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် မီးဘေးလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း(အထူး) **(Course on Fire Safety Management For Government Officials)** အမှတ်စဉ်(၆) သင်တန်းအား ၂၉-၇-၂၀၂၄ ရက်နေ့မှ ၁၆-၈-၂၀၂၄ ရက်နေ့အထိ ရက်သတ္တပတ်(၃)ပတ်ကြာ သင်တန်းသား(၄၆)ဦး၊ သင်တန်းသူ(၅)ဦး စုစုပေါင်း သင်တန်းသား/သူ(၅၁)ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး မီးသတ်ဦးစီးဌာန(နေပြည်တော်)၊ ဇမ္ဗူသီရိမြို့နယ်မီးသတ်စခန်းတွင် ၁၆-၈-၂၀၂၄ ရက်နေ့၊ ၀၉ ၀၀ အချိန်က သင်တန်းဆင်းပွဲ အခမ်းအနားပြုလုပ်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူမှ သင်တန်းဆင်းမိန့်ခွန်း ပြောကြားပါသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် အရာရှိကြီးများ၊ အရာရှိများ၊ ဌာနဆိုင်ရာ/အဖွဲ့အစည်းများမှ အရာရှိကြီးများ၊ သင်တန်းသား/သူ (၅၁)ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ပုသိမ်မြို့တွင် ငဝန်မြစ်ရေမြင့်တက်လာသဖြင့် မြို့တော်ခန်းမရှေ့နှင့် လမ်းမပေါ်သို့ ရေဝင်ရောက်မှုမရှိစေရေး ရေတားခြင်းလုပ်ငန်းများဆောင်ရွက်

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ၂-၈-၂၀၂၄ ရက်နေ့၊ ၁၁ ၀၀ အချိန်ခန့်က ငဝန်မြစ်ရေမြင့်တက်လာကြောင်း သတင်းရရှိသဖြင့် မြို့တော်ခန်းမရှေ့နှင့် ရေဆင်းတန်ဆောင်းကမ်းနားလမ်းတွင် ရေဝင်ရောက်မှုမရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး မီးသတ်စခန်းများမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၅၀)ဦးတို့ဖြင့် သဲအိတ်များအသုံးပြုကာ တာတမံပြုလုပ်၍ ရေတားခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ပခုက္ကူမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ပခုက္ကူမြစ်ရေမြင့်တက်လာသဖြင့် မြို့ပေါ်ရပ်ကွက်များတွင် ရေဝင်ရောက်မှုဖြစ်ပွား



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပခုက္ကူတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် ၁-၈-၂၀၂၄ ရက်နေ့၊ ၀၇ ၀၀ အချိန်ခန့်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ပခုက္ကူမြစ်ရေမြင့်တက်လာသဖြင့် မြို့ပေါ်ရပ်ကွက်များတွင် ရေဝင်ရောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပခုက္ကူတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ ရှာဖွေကယ်ဆယ်ရေးစက်လှေ(၁)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်(၄၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၂၈)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ပေးခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် သဲအိတ်များအား ရေစီးရေလာကောင်းစေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မိုင်းခတ်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရေကျော်မှုဖြစ်ပွား



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်၊ မိုင်းခတ်မြို့နယ်တွင် ၂-၈-၂၀၂၄ ရက်နေ့၊ ၁၄ ၀၀ အချိန်ခန့်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရေကျော်မှုဖြစ်ပွားကြောင်း ၀၇ ၅၅ အချိန် သတင်းရရှိသဖြင့် မိုင်းခတ်မြို့နယ်မီးသတ်စခန်းမှ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်(၁၁)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ခရီးသွားပြည်သူများအား ရေလမ်းကြောင်းပြ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## တနသ်ာရီမြို့နယ်တွင် ရေပြန်လည်ကျဆင်းသဖြင့် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့တွင် ၃-၈-၂၀၂၄ ရက်နေ့၊ ၁၁ ၀၀ အချိန်ခန့်၌ ရေပြန်လည်ကျဆင်းသွားကြောင်းသတင်းရရှိသဖြင့် လမ်းများနှင့် ပြည်သူ့ဆေးရုံကြီးတွင် တင်ကျန်ခဲ့သော အမှိုက်များ၊ ရွံ့၊ နွံများအား တနင်္သာရီမြို့နယ် မီးသတ်စခန်းမှ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့သည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## လယ်ဝေးမြို့နယ်၊ ကူသပိတ်ကျေးရွာအုပ်စု၊ ကြက်သွန်ခင်းကျေးရွာတွင် ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျမှုဖြစ်



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကူသပိတ်ကျေးရွာအုပ်စု၊ ကြက်သွန်ခင်းကျေးရွာတွင် ၅-၈-၂၀၂၄ ရက်နေ့၊ ၀၆၀၀ အချိန်ခန့်က ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် လယ်ဝေးမြို့နယ်မီးသတ်စခန်းများမှ သန္ဒေမီးသတ်တပ်ဖွဲ့ဝင် (၁၅)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၅)ဦးတို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သဲအိတ်များ၊ တိုင်များဖြင့် ယာယီကမ်းပါးထိန်းနံရံပေ(၄၀၀)ခန့်အား သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## မိုင်းယောင်းမြို့နယ်၊ ဝမ်တပ်ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် တောင်ကျချောင်းရေမြင့်တက်မှုကြောင့် နေအိမ်များနစ်မြုပ်မှုဖြစ်

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် အညီ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်၊ ဝမ်တပ်ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် ၅-၈-၂၀၂၄ ရက်နေ့၊ ၀၅ ၁၅ အချိန်ခန့်က တောင်ကျချောင်းရေ မြင့်တက်မှုကြောင့် နေအိမ်များနစ်မြုပ်မှုဖြစ်ပွားနေကြောင်းသတင်းရရှိသဖြင့် မိုင်းယောင်းမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် (၁)စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင် (၁၁)ဦးတို့သည် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေဘေးလွတ်သည့် နီးစပ်ရာဆွေမျိုးများနေအိမ်များသို့ ယာယီရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ကဝမြို့နယ်၊ အုန်းနဲကျေးရွာအုပ်စု၊ အမှတ်(၁၂)ရပ်ကွက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်မှုဖြစ်



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲကျေးရွာအုပ်စု၊ အမှတ်(၁၂) ရပ်ကွက်တွင် ၇-၈-၂၀၂၄ ရက်နေ့၊ ၁၀ ၀၀ အချိန်ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်ရောက်မှု ဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် ကဝမြို့နယ်မီးသတ်စခန်းများမှ သန္ဒေမီးသတ် တပ်ဖွဲ့ဝင်(၆)ဦး တို့သည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပြည်သူများအား ရေဘေးလွတ်ရာ အမှတ်(၁၂)ရပ်ကွက်၊ ခမဲပြင်ဘုရားရင်ပြင်တွင် ယာယီရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး အဖျောက်-ဥတိုကားလမ်းမကြီးတွင် ကားလမ်းရေကျော်မှုဖြစ်ပွား



မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ ချောင်းသုံးခွကျေးရွာအုပ်စု၊ အင်းလန်ကျေးရွာတွင် ၁-၈-၂၀၂၄ ရက်နေ့၊ ၀၇ ၃၀ အချိန်ခန့်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဖျောက်-ဥတိုကားလမ်းမကြီးတွင် ကားလမ်းရေကျော်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် အဖျောက်နယ်မြေမီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်(၃)ဦး ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၂)ဦးတို့ဖြင့် ခရီးသွားပြည်သူများအား ရေလမ်းကြောင်းပြလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဘားအံမြို့၊ ကမ်းနားလမ်းတွင် မြစ်ရေကျဆင်းသွားသဖြင့် လမ်းများတွင် ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်မှု

မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်(၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ကမ်းနားလမ်းတွင် ၁-၈-၂၀၂၄ ရက်နေ့၊ ၀၈ ၃၀ အချိန်ခန့်၌ မြစ်ရေပြန်လည်ကျဆင်းသွားကြောင်း သတင်းရရှိသဖြင့် တင်ကျန်ခဲ့သော အမှိုက်များ၊ ရွံ့၊ နွံများအား ဘားအံခရိုင်မီးသတ်စခန်းမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်(၁၅)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်(၅)ဦးတို့ဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း မီးလောင်ဆုံးရှုံးမှုနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ချက်များ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၄၈ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးအမျိုးအစားအလိုက် မီးဖိုမီး ၆ ကြိမ်၊ ပေါ့ဆမီး ၁၃ ကြိမ်၊ အလိုအလျောက်မီး ၁ ကြိမ်၊ လျှပ်စစ်မီး ၂၁ ကြိမ်၊ မသမာသူရှို့မီး ၅ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၂ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ်၊ စုံစမ်းဆဲ ၁ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၃၂၉ လုံးတွင် ဂိုဒေါင် ၂ လုံး မီးလောင်ခံရပြီး မီးဘေးသင့်ပြည်သူ ၁၀၁၇ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ သေဆုံး ၉ ဦး၊ ဒဏ်ရာရ ၅ ဦးရှိခဲ့ပြီး ငွေကျပ် ၃၃၄ ဒသမ ၃၃၁ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ၇ လတာကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မီးအမျိုးအစားအလိုက် မီးဖိုမီး ၁၄၄ ကြိမ်၊ ပေါ့ဆမီး ၂၃၅ ကြိမ်၊ အလိုအလျောက်မီး ၁၅ ကြိမ်၊ လျှပ်စစ်မီး ၃၀၅ ကြိမ်၊ မသမာသူရှို့မီး ၅၅ ကြိမ်၊ တောမီး ၆၂ ကြိမ်၊ သောင်းကျန်းသူရှို့မီး ၃၇ ကြိမ်၊ မိုးကြိုးပစ် ၁ ကြိမ်၊ စုံစမ်းဆဲ ၁ ကြိမ် စုစုပေါင်း ၈၅၅ ကြိမ် ဖြစ်ပွားခဲ့ပါသည်။ အိမ်ခြေအဆောက်အဦ ၃၄၇၃ လုံးတွင် စက်ရုံ/အလုပ်ရုံ ၅ လုံး၊ ဂိုဒေါင် ၃၉ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးသင့်ပြည်သူ ၈၀၇၅ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ပါသည်။ မီးလောင်မှုကြောင့် လူ ၇၁ ဦး သေဆုံး၊ ၆၉ ဦး ဒဏ်ရာရရှိကာ တိရစ္ဆာန် ၅၈၉ ကောင်သေဆုံးပြီး ၆၇၅၅ ဒသမ ၉၆၅ သန်းခန့် ဆုံးရှုံးခဲ့ပါသည်။

မီးလောင်မှုများတွင် "မီးဖိုမီး၊ လျှပ်စစ်မီး၊ ပေါ့ဆမီး"များသည် အများဆုံးတွေ့ရှိရသောအချက်များဖြစ်သည့်အတွက် မီးဖိုမီးကြောင့်ဖြစ်ပွားတတ်သော မီးလောင်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဖိုအနီးလူစောင့်ထားရှိခြင်း၊ လောင်စာဆီများမထားကြရန်နှင့် အိုမင်းမစွမ်းသူများ၊ ကလေးငယ်များအား မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းခြင်း၊ မီးဖိုနံဘေးနှင့် အမိုး/နံရံအကြား လုံလောက်သော အပူခံအကာအရံများထားရှိစေခြင်းဖြင့် မီးလောင်မှုမှကင်းဝေးစေမည်ဖြစ်ပါသည်။ မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တိုင်းတွင် ကနဦးလုပ်ဆောင်ရန်အနေဖြင့် နှစ်ကာလရှည်ကြာ၍ ဟောင်းနွမ်းဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများ လဲလှယ်ထားခြင်း၊ လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ဝန်နှင့်အား မျှတအောင် သုံးစွဲခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများသုံးစွဲပြီးလျှင်(သို့မဟုတ်)လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မ(မိန်း)ခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စတို့ဖြင့် ရိုက်ပုတ်ငြိမ်းသတ်ခြင်း၊ ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများ အသုံးမပြုကြရန်နှင့် မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များအပေါ် လိုက်နာခြင်းအားဖြင့် မီးဘေးကာကွယ်ရေးအသိဖြင့် ကြိုတင်ဆောင်ရွက်စီမံထားရှိကြမည်ဆိုပါက "ပေါ့ဆမီး"ကြောင့် ဖြစ်ပွားတတ်သော မီးလောင်မှုများ လျော့နည်းစေမည်ဖြစ်ပါကြောင်း သတိပေးအပ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်ကြောင့် တံတိုင်းပြိုကျမှု ၁ ကြိမ်၊ ကမ်းပါးပြိုကျမှု ၄ ကြိမ်၊ မြေပြိုကျမှု ၅ ကြိမ်၊ လေပြင်းတိုက်ခတ်မှု ၁၄ ကြိမ်၊ ရေကြီးမှု ၁၀၀ ကြိမ်၊ ယာဉ်တိုက်မှု ၁၄ ကြိမ်၊ ယာဉ်တိမ်းမှောက်မှု ၄ ကြိမ်၊ ရေယာဉ်နစ်မြုပ်မှု ၁ ကြိမ်၊ ရေနစ်မြုပ်မှု ၄ ကြိမ်၊ မိမိကိုယ်ကိုသေကြောင်းကြံမှု ၁ ကြိမ်၊ သစ်ပင်ပြိုလဲမှု ၅၇ ကြိမ်၊ မတော်တဆထိခိုက်မှု ၅ ကြိမ်၊ တိရစ္ဆာန်ကယ်ဆယ်မှု ၃ ကြိမ်၊ ကူညီရှင်းလင်းရွှေ့ပြောင်းမှု ၂၈ ကြိမ်၊ စုစုပေါင်း ၂၄၁ ကြိမ်ဖြစ်ပွားခဲ့ပြီး ဒုက္ခသည် ၁၆၃၆ ဦးရှိခဲ့ပါသည်။ ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှိ သန္နေမီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၄၀၄ ဦးနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်အင်အား ၁၃၄၃ဦးတို့မှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ထိခိုက်မှုကြောင့် သေဆုံးသူ ၁၉ ဦးနှင့် ဒဏ်ရာရရှိသူ ၆၉ ဦး တို့အား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

**မီးသတ်ဦးစီးဌာန**

## ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး





မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ မော်လမြိုင်တက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့၌ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ဖြစ်သည့် ဆန်၊ ဆီ၊ ဟင်းသီးဟင်းရွက်၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဘဲဥများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုအခြေအနေအား ၆-၈-၂၀၂၄ ရက်နေ့၊ ၀၇၀၀အချိန်တွင် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ဝန်ကြီးများနှင့်အတူ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းသည် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ၂၉-၇-၂၀၂၄ ရက်နေ့၊ ၀၈၃၀ အချိန်တွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကို (ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပ



မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက်၊ အ.ထ.က (၁)ကျောင်း၌ ၃၀-၇-၂၀၂၄ ရက်နေ့၊ ၀၈၅၀ အချိန်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း (ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများနှင့် ကျောင်းသားမိဘများ စုစုပေါင်းအင်အား (၄၀၀၀)ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြရောခန်းမ(၁)၌ ၂-၈-၂၀၂၄ ရက်နေ့၊ ၁၀၃၀ အချိန်တွင် ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးအောင် (ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား (၁၅၅)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## စီမံ(၁)နှင့် စာရေး(၃) မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၂၄)ဖွင့်ပွဲကျင်းပ




စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၅-၈-၂၀၂၄ ရက်နေ့၊ ၀၉၃၀ အချိန်တွင် စီမံ(၁)နှင့် စာရေး(၃) မွမ်းမံသင်တန်းအမှတ်စဉ်(၂/၂၀၂၄)ဖွင့်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်(ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ သင်တန်းသား/သူများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်၊ အခန်း(၈)ပါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဇယား-၅ ပါ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများနှင့်ပတ်သက်၍ ရှင်းလင်းပို့ချခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါသင်တန်းကို ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ စီမံ-၁ (၇)ဦးနှင့် စာရေး-၃ (၆)ဦး စုစုပေါင်းသင်တန်းသား (၁၃)ဦးတို့ဖြင့် ၅-၈-၂၀၂၄ ရက်နေ့မှ ၉-၈-၂၀၂၄ ရက်နေ့အထိ (၅)ရက်အကြာ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အဆောက်အဦသစ်ဖွင့်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၌ ၁-၇-၂၀၂၄ ရက်နေ့၊ ၀၇၀၀ အချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် (၁၆၅၇ ဒသမ ၉၀၀)သန်းဖြင့် ဆောင်ရွက်ပြီးစီးသည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးသစ်ဖွင့်ပွဲကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ(ခရိုင်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ဂုဏ်ထူးရကျောင်းသား/သူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲကျင်းပ




ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ မိုးကောင်းမြို့၊ ဈေးကုန်းရပ်ကွက်၊ မြို့တော်ခန်းမ၌ ၇-၇-၂၀၂၄ ရက်နေ့၊ ၀၉၀၀ အချိန်တွင် ၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား/သူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်(မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများနှင့် ကျောင်းသားမိဘများ စုစုပေါင်း အင်အား (၄၅၀)ဦးတို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခြင်း၊ မြို့နယ်ပညာရေးမှူးက ပညာရေးနှင့်ပတ်သက်သည်များ ရှင်းလင်းတင်ပြခြင်း၊ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် ဆုပေးပွဲမတည်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့နယ်၊ အ.ထ.က(ခွဲ) နှင်းပုလဲကျောင်း၌ ၂၂-၇-၂၀၂၄ ရက်နေ့၊ ၀၈၀၀ အချိန်တွင် ၂၀၂၄ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်ခဲ့ရာ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူအောင်(မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရအပင်များနှင့် နှစ်ရှည်အပင်များ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိပါသည်။



## ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ်(၁၉)၊ ကွန်ပျူတာနှင့် PMIS (Prisoners Management Information System)အခြေခံသင်တန်းအမှတ်စဉ်(၂၄)သင်တန်းဖွင့်ပွဲအခမ်းအနားပြုလုပ်






အကျဉ်းဦးစီးဌာန၊ ရုံး/အကျဉ်းထောင်/အချုပ်ထောင်/စခန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများစွမ်းရည်(၄)ရပ်ပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ် လေ့ကျင့်သင်ကြားပေးလျက်ရှိရာ အကျဉ်းဦးစီးဌာနမှ ရုံးအမှတ်(၄၉) နေပြည်တော်တွင် ထောင်တာဝန်ခံအရာရှိသင်တန်းအမှတ်စဉ်(၁၉) အား သင်တန်းသား/သူ ၁၇ ဦးဖြင့်လည်းကောင်း၊ ကွန်ပျူတာနှင့် **PMIS (Prisoners Management Information System)** အမှတ်စဉ်(၂၂)အား သင်တန်းသူ ၂၀ ဦးဖြင့်လည်းကောင်း ၁၂-၈-၂၀၂၄ ရက်နေ့မှ ၁-၁၁-၂၀၂၄ ရက်နေ့အထိ ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားကို ၁၂-၈-၂၀၂၃ရက်နေ့ ၀၈၀၀ အချိန်တွင် ရုံးအမှတ်(၄၉) နေပြည်တော်၌ကျင်းပပြုလုပ်ခဲ့ရာ အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံးမှ အရာရှိကြီးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်းအင်အား ၅၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

## ဝန်ထမ်းနှင့်မိသားစုများအတွက် သက်သာချောင်ချိရေးထောက်ပံ့

အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းနှင့် မိသားစုဝင်များအား စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ၁၂-၈-၂၀၂၄ ရက်နေ့၌ ဝန်ထမ်းတစ်ဦးလျှင် ကြက်ဥ ၁၀ လုံး၊ ချဉ်ပေါင်ရွက် ၁ စည်းနှုန်း ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် (၆၄၅)ကြိမ်မြောက် တရားပွဲကျင်းပပြုလုပ်





ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား/သူများ စိတ်ပိုင်းဆိုင်ရာနူးညံ့သိမ်မွေ့လာစေရေးအတွက် ဘာသာရေးနည်းလမ်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၂၈-၇-၂၀၂၄ ရက်နေ့ ၀၈၂၀ အချိန်ခန့်၌ (၆၄၅)ကြိမ်မြောက် အပတ်စဉ်တရားပွဲအား ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တသီဟနာဒ (အဂ္ဂမဟာပဏ္ဍိတ) (မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်ဆရာတော်)မှ ကြွရောက်၍ လောကီလောကုတ္တရာနှစ်ဖြာ အကျိုးရရှိစေခြင်းနှင့် လောဘ၊ ဒေါသ၊ မောဟကင်းစင်စေခြင်းအလို့ငှာ “**သရဏဂုံဆောက်တည်ရခြင်းအကျိုး**” တရားတော်အား ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။

အခမ်းအနားသို့ အကျဉ်းထောင် အရာထမ်း/အမှုထမ်းများနှင့် အကျဉ်းသား စုစုပေါင်းအင်အား ၁၅၀ ဦးတို့ တက်ရောက်ခဲ့ပြီး ငါးပါးသီလခံယူခြင်း၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အစရှိသည့် လှူဖွယ်ဝတ္ထုများ၊ နဝကမ္မအလှူတော်ငွေများ လှူဒါန်းခြင်းနှင့် ဆရာတော်ကြီးအား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

## အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ၂၀၂၄ ခုနှစ်၊ ဝန်ထမ်းနှင့်အကျဉ်းသား/အချုပ်သားများ မိုးရာသီအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေး





ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးကွပ်ကဲမှု အောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား ပျော်ရွှင်စေလိုရေးနှင့် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အချုပ်သားများအား အကျဉ်းကျခံနေရသည့်စိတ်များ ပပျောက်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ်၊ မိုးရာသီအားကစားပြိုင်ပွဲများအဖြစ် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စစ်တုရင်အားကစားပြိုင်ပွဲ၊ စားပွဲတင်တင်းနစ် (တစ်ဦးချင်း/ နှစ်ယောက်တွဲ) ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ရာ ၁၀-၇-၂၀၂၄ ရက်နေ့၌ ဖူဆယ်ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အမှတ်(၁) အိပ်ဆောင်(က)အသင်းနှင့် အမှတ်(၄) အိပ်ဆောင်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်(၄)အိပ်ဆောင်(ခ)အသင်းမှ အနိုင်ရရှိခဲ့ကြောင်း၊ ဆက်လက်ပြီးဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ အားကစားနည်းများအလိုက် ဆုရရှိသည့် ပြိုင်ပွဲဝင်အသင်းများအား အကျဉ်းထောင် တာဝန်ခံအရာရှိ၊ ဒုတိယတာဝန်ခံအရာရှိနှင့် အကျဉ်းထောင်ဆေးရုံအုပ်တို့မှ ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

## တောင်ယာထွက် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး




အကျဉ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှဦးဆောင်၍ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများနှင့်မိသားစုဝင်များ၏ သက်သာချောင်ချိရေးနှင့်စားဝတ်နေရေး အဆင်ပြေစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ထွက်ရှိသော သီးနှံ၊ သား/ငါး၊ ဥများကို ဝန်ထမ်းနှင့်မိသားစုဝင်များထံသို့ လစဉ်ထောက်ပံ့ပေးခြင်းများရှိသည့်အပြင် ပိုလျှံသော ဟင်းသီးဟင်းရွက်များကို အခြားမိတ်ဖက်ဌာနများသို့လည်း သက်သာသောဈေးနှုန်းများဖြင့် လိုက်လံရောင်းချပေးခြင်းများဆောင်ရွက်စေခဲ့ပါသည်။

မြင်းခြံဗဟိုအကျဉ်းထောင်မှ ၁၆-၇-၂၀၂၄ ရက်နေ့တွင် မြင်းခြံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ၁၈-၇-၂၀၂၄ ရက်နေ့တွင် မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့လည်းကောင်း၊ ၂၆-၇-၂၀၂၄ ရက်နေ့တွင် မြင်းခြံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရမည်းသင်း အကျဉ်းထောင်မှ ၂၉-၇-၂၀၂၄ ရက်နေ့တွင် ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနများသို့ လည်းကောင်း အကျဉ်းထောင်တောင်ယာမှ ထွက်ရှိသော ဘူးသီး၊ ရုံးပတီသီး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ဟင်းနုနွယ်ရွက်များကို သက်သာသောဈေးနှုန်းများဖြင့် လိုက်လံရောင်းချပေးခဲ့ကြောင်း သတင်းရရှိပါသည်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသမှ မန္တလေးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူများအတွက် ဖြည့်စွက်ဟင်းလျာများ ကျွေးမွေးလှူဒါန်း





မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှု အောက်ရှိ မန္တလေးဗဟိုအကျဉ်းထောင်၌ ၂၅-၇-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့မှ မန္တလေးဗဟိုအကျဉ်းထောင်အတွင်းရှိ မောင်းထောင်ဓမ္မာရုံတွင် အကျဉ်းသား/သူ၊ အချုပ်သား/သူများအား တရားဟောကြားပြီး အကျဉ်သား/သူ၊ အချုပ်သား/သူများအား ဖြည့်စွက်ဟင်းလျာ ကျွေးမွေးရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးမှ အလှူငွေ ၅,၀၀၀,၀၀၀/- (ကျပ်ငါးဆယ်သိန်း)နှင့် အကျိုးတော်ဆောင် ဆရာတော်မှ အလှူငွေ ၂,၅၀၀,၀၀၀/ (ကျပ်နှစ်ဆယ့်ငါးသိန်း)၊ စုစုပေါင်း ၇,၅၀၀,၀၀၀/-(ကျပ်ခုနှစ်ဆယ့်ငါးသိန်းတိတိ) လှူဒါန်းခဲ့မှုအား ၁-၈-၂၀၂၄ ရက်နေ့တွင် ဖြည့်စွက်ဟင်းလျာအဖြစ် ခရမ်းချဉ်သီးငါးပိချက်နှင့် ကြက်ဥတို့အား ချက်ပြုတ်၍ ကျွေးမွေးခဲ့ကြောင်း သတင်းရရှိပါသည်။

## ပြင်ပကျန်းမာရေးအဖွဲ့များမှ ကျန်းမာရေးစစ်ဆေးကုသစောင့်ရှောက်ပေးခဲ့

အကျဉ်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြင်ပကျန်းမာရေးဌာနများနှင့်ပူးပေါင်း၍ လစဉ်ကျန်းမာရေးစစ်ဆေးကုသပေးလျက်ရှိရာ ရှမ်းပြည်နယ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ ကျိုင်းတုံအကျဉ်းထောင်သို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအိအိဝင်းဦးဆောင်သော ကျိုင်းတုံ **STD Team** အဖွဲ့ဝင် ၅ ဦးတို့သည် ၂၆-၇-၂၀၂၄ ရက်နေ့တွင် လာရောက်၍ အကျဉ်းသား/သူ၊ အချုပ်သား/သူများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကွင်းဆင်းသွေးဖောက်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ သရက်အကျဉ်းထောင်သို့ သရက်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်ကြီး ဦးဇော်မြတ်ထွန်း ဦးဆောင်အဖွဲ့ဝင် ၇ ဦးတို့သည် ၂၄-၇-၂၀၂၄ ရက်နေ့တွင် သရက်အကျဉ်းထောင်ရှိ အကျဉ်းသား/သူ၊ အချုပ်သား/သူများ၏ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်တွင် မလေးရှားနိုင်ငံ ပင်လယ်ရေပြင်သို့ပို့ဆောင်မည့် ငွေကျပ် ၆၉ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၂ ဒသမ ၃ တန်နှင့်အတူ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ



လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၂-၇-၂၀၂၄ ရက်နေ့ ၁၃၀၀ အချိန်တွင် သတင်းအရ ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကမ်းနားကွင်းကျေးရွာ၊ ခါးပြတ်ချောင်းအတွင်း မောင်းနှင်လာသည့် ကုန်တင်စက်လှေအား စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ အရှိန်တင်မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ဌေးအောင်၊ ကျော်မြင့်နိုင်၊ ရဲဝင်းနိုင်၊ စောဟန်နှင့် ဆိတ်ဖေတို့ ၅ ဦးအား ဒေသကာလတန်ဖိုးငွေကျပ် ၆၉ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) ၂ ဒသမ ၃တန်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၈)လမ်းရှိ ဖမ်းမိ စက်လှေပိုင်ရှင် လှမောင်ကြီး၏နေအိမ်မှ ပစ္စတိုသေနတ် ၁ လက်၊ ကျည်အိမ် ၁ ခု၊ ၉ မမကျည် ၅၀ တောင့်နှင့်အတူ ထွန်းအောင်အားလည်းကောင်း၊ သိမ်းဆည်းရမိ အိုက်စ်များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် သန်းဌေး(ခ)အရှည်ကြီးအား ဖျာပုံမြို့နယ်၊ ဆင်မကျေးရွာ၌လည်းကောင်း၊ စက်လှေပိုင်ရှင် လှမောင်ကြီးနှင့် ပွဲနင်း သားကြီး(ခ) ဇော်သိန်းလှိုင်တို့အား လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်တွင် **PRADO** မော်တော်ယာဉ် ၁ စီးနှင့်လည်းကောင်း၊ မင်းမျိုးထွန်း(ခ)ကိုမျိုးအား ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာ၌ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကျပ် သိန်း ၁၉၀ နှင့်လည်းကောင်း၊ အောင်ဆင့်ထွန်း(ခ)ကိုဆင့်(ခ)ကိုစိုင်းနှင့် ထိန်လင်းအောင်(ခ)ရောဘတ်(ခ)ခွန်ရဲလင်းဦးတို့အား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းမရှိ ညှော်ရိပ်သာတွင် **TOYOTA LANDCRUISER** မော်တော်ယာဉ် ၁ စီး၊ **HILUX SURF** မော်တော်ယာဉ် ၂ စီးနှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မလေးရှားနိုင်ငံ ပင်လယ်ရေပြင်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း ဖမ်းဆီးရမိ

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၈-၈-၂၀၂၄ ရက်နေ့ ၁၅၃၀ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ (ဂ)ရပ်ကွက်၊ မြို့မဈေးရှေ့တွင် မုံရွာမှ ယင်းမာပင်ဘက်သို့ ခင်မောင်ဆန်းမောင်းနှင်ပြီး လွင်မင်းသန့် လိုက်ပါလာသည့် **CANTER** ၆ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၉-၈-၂၀၂၄ ရက်နေ့ ၀၈၃၀ အချိန်တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကျော‌မြို့၊ အမှတ်(၁)ရပ်ကွက်တွင် ကွင်းဆက်တရားခံ ကြင်ဆွန်း(ခ)ကျင်စွမ်းအား **HILUX SURF** မော်တော်ယာဉ် ၁ စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇ သိန်းနှင့်လည်းကောင်း၊ ၀၉၃၀ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်ရှိ ထွဋ်မြတ်ဦး(ခ)အီးတီး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခင်မောင်ဆွေအား စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၅ သိန်းနှင့်လည်းကောင်း၊ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား မန္တလေးမှ ကလေးသို့ သယ်ဆောင်ခိုင်းသူ



ထွဋ်မြတ်ဦး(ခ)အီးတီအား ၁၀-၈-၂၀၂၄ ရက်နေ့ ၁၃၀၀ အချိန်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ (၂၀၁)မိုင်တိုင်ဂိတ်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲပိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်





ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၁၇/၂၀၂၃)၊ ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ၉-၈-၂၀၂၄ ရက်နေ့ ၀၇၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲပိုလ်ချုပ်ကြီး ဝင်းဇော်မိုး တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲပိုလ်ချုပ်ကြီး ဝင်းဇော်မိုးသည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခဲ့ကြပြီး ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သက်ပိုင်ဖြိုး၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ရဲနိုင်ထွန်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သက်ပိုင်ဖြိုး၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ရဲချုပ်က အမှာစကားပြောကြားရာတွင် **စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ခံယူချက်၊ ယုံကြည်ချက်ပြည့်ဝ၍ ကျန်းမာကြံ့ခိုင်သောမျိုးချစ်စိတ်ဓာတ်နှင့် စွမ်းရည်ပြည့်ဝခေတ်မီသည့် ရဲအရာရှိငယ်များဖြစ်လာစေရန်** ဆိုသည့် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ပေးခဲ့ပြီး ဒုတိယရဲအုပ်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ရာ နေရာဒေသအသီးသီးတွင် ကျရာတာဝန်များကို စွမ်းအားပြည့်ထမ်းဆောင်ကြမည့်သူများဖြစ်သည့်အတွက် မှာကြားစရာရှိသည်များကို မှာကြားလိုကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီး မကြာမီအချိန်တွင် ရောင်စုံသူပုန်များ ထကြွသောင်းကျန်းခဲ့သဖြင့် စစ်ရဲနှင့် မြန်မာပြည်ရဲအဖွဲ့တို့ ပူးပေါင်းလက်တွဲပြီး အရိန္ဒမာစစ်ဆင်ရေးအမည်ဖြင့် သောင်းကျန်းသူများကို နှိမ်နင်းခဲ့ရကြောင်း၊ ပြည်ထောင်စုစစ်ရဲတပ်ရင်းမှ စစ်ရဲဗိုလ်မှူး အေးချိုသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကို ပဓာနမထားဘဲ ရဲရဲဝံ့ဝံ့စွန့်စားစွာ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့သဖြင့် နိုင်ငံတော်က အောင်ဆန်းသူရိယဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး လုပ်ငန်းတာဝန်များကို အသက်ပေးထမ်းရွက်သည့် တပ်ဖွဲ့တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျောင်းဆင်းကြမည့် ဒုတိယရဲအုပ်များအနေဖြင့် နောင်တော်ရဲတပ်ဖွဲ့ဝင်များနည်းတူ မိမိတို့ကျရာ တာဝန်များကို တာဝန်ကျရာဒေသများတွင် နိုင်ငံအကျိုး၊ ပြည်သူလူထု၏အကျိုးကို ရှေးရှုကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်၍ တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်စွန့်စားကြိုးပမ်းဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များကို နိုင်ငံတော်မှ ထိုက်တန်သည့် ဂုဏ်ပြုမှုများဖြင့် ချီးမြှင့်ပေးလျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ပြည်တွင်းလုံခြုံရေးနှင့်ရပ်ရွာအေးချမ်းသာယာရေးအတွက် နောင်တော်တပ်မတော်နှင့် အတူလက်တွဲ၍ စစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်များအား အောင်မြင်အောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည့်အပြင် မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဒေသနှင့်ကိုက်ညီသည့် နည်းလမ်းများ ချမှတ်အကောင်အထည်ဖော်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံလုံခြုံရေး၊ တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေလျက်ရှိသည့်အပြင် လူသားမျိုးနွယ်တစ်ခုလုံးကို လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ မူးယစ်ဆေးဝါးပပျောက်သည်အထိ စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ဥပဒေနှင့်အညီ စေတနာထားဆောင်ရွက်ပေးပြီး လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် တပ်ဖွဲ့အသီးသီးတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ရပ်၊ ရဲကျင့်ဝတ်အပါး ၇၀ တို့နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ခေါင်းဆောင်မှုအရည်အသွေးများကို ကောင်စွာသိရှိနားလည်ကာ မိမိတပ်ဖွဲ့က ယုံကြည်အားကိုးရသည့် ရဲအရာရှိကောင်းများဖြစ်လာရန် လိုအပ်ကြောင်း၊ အောင်မြင်သည့် ခေါင်းဆောင်ကောင်းများနောက်တွင် အရည်အချင်းပြည့်ဝသည့် နောက်လိုက်ကောင်း များစွာရှိလာမည်ဖြစ်ပြီး **နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်** ဆိုသည့်အတိုင်း သစ္စာရှိပြီး တာဝန်ကျေပွန်သော နောက်လိုက်ကောင်းတစ်ဦးဖြစ်အောင်လည်း

**စာမျက်နှာ (၁၉)သို့**

## ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ






ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၁/၂၀၂၄) ရဲသီဟတပ်ခွဲ သင်တန်းဖွင့်ပွဲအခမ်းအနားကို ၁၅-၇-၂၀၂၄ ရက်နေ့ ၀၈၀၀ အချိန်တွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဗဟိုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ဟန်ထွန်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ အရာရှိများ၊ နည်းပြများနှင့် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၂၁/၂၀၂၄) ရဲသီဟတပ်ခွဲမှ သင်တန်းသား/သူ ၃၂၈ ဦးတို့ တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ၁၅-၇-၂၀၂၄ ရက်နေ့မှ ၉-၅-၂၀၂၅ ရက်နေ့အထိဖြစ်ကြောင်း သတင်းရရှိသည်။

## ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၂/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ






ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၂/၂၀၂၄) ရဲကျော်သူတပ်ခွဲ သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၂-၇-၂၀၂၄ ရက်နေ့ ၀၈၀၀ အချိန်တွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း ဗဟိုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ရဲအရာရှိလေ့ကျင့်ရေးကျောင်း၊ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ဟန်ထွန်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး အခမ်းအနားသို့ ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ အရာရှိများ၊ နည်းပြများနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများနှင့် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂၂/၂၀၂၄) ရဲကျော်သူတပ်ခွဲမှ သင်တန်းသား(၁၂၃)ဦး၊ သင်တန်းသူ (၃၃) ဦး၊ စုစုပေါင်း (၁၅၆) ဦးတို့ တက်ရောက်ခဲ့ကြကာ သင်တန်းကာလမှာ ၂၂-၇-၂၀၂၄ ရက်နေ့မှ ၈-၁၁-၂၀၂၄ ရက်နေ့အထိဖြစ်ကြောင်း သတင်းရရှိသည်။

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆ သိန်း ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၇-၈-၂၀၂၄ ရက်နေ့ ၀၉၀၀ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကလေးဝမြို့၊ အမှတ်(၁) ရပ်ကွက်၊ ကလေးဝ-ကလေးသွားကားလမ်းတွင် မြင့်ဇော် မောင်းနှင်ပြီး မင်းခန့်ကျော်(ခ)ကိုကို လိုက်ပါလာသည့် FUSO ၆ ဘီး ခရီးသည်တင်မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ပလတ်စတစ် ဆပ်ပြာခွက် ၁၉၈၀ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၁၄-၇-၂၀၂၄ ရက်နေ့ ဝ၆၃၀ အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုမှ မန္တလေးသို့ မင်းဇော် မောင်းနှင်ပြီး မင်းကို လိုက်ပါလာသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၉၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ၁၀၃၀ နာရီတွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၄)၊ မြို့ရှောင်လမ်းတွင် မောင်ငယ် (ခ) ကျော်ကြီးအား ၁၈ ဘီးတွဲယာဉ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂၅ သန်းနှင့်အတူ ဆက်လက် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၄င်းတို့အား ဥပဒေအရ





အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ်အား လုယက်မှုကျူးလွန်သူ တရားခံ ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



၆-၈-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သုဓွေးကွင်းကျေးရွာနေ ဒေါ်သန်းသန်းဆင့် (ခ) မအကြီးမ (၄၉)နှစ်သည် မိသားစုများ အလုပ်ကိုယ်စီသွားနေစဉ် နေအိမ်၌တစ်ဦးတည်းကျန်ရှိခဲ့ပြီး မောင်ဖြစ်သူ ကိုမင်းအောင်ကျော် အလုပ်မှနေအိမ်သို့ ၁၈၃၀ အချိန်တွင် ပြန်လည်ရောက်ရှိစဉ် အစ်မဖြစ်သူ ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမမှာ နေအိမ်အိပ်ခန်းအတွင်း ခုတင်ဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး နေအိမ်ဘီရိုနှစ်လုံးအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ ၁၀ ကျပ်သားနှင့် ငွေကျပ်သိန်း ၃၀၀၊ လက်ကိုင်ဖုန်း ၃ လုံး၊ မြေအရောင်းအဝယ်စာချုပ် ၁ စောင်၊ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၉၈၇ သိန်းခန့် ပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရသဖြင့် သန်လျင်မြို့မရဲစခန်း (ပ) ၂၉၁/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၂ဖြင့် အမှုဖွင့်လှစ်ကာ တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ပါသည်။

တရားခံများ ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ နေအိမ်အတွင်းဝင်ရောက်ကာ သတ်ဖြတ်လုယက်မှုအား ပူးပေါင်းကျူးလွန်သူ သန်လျင်မြို့နယ်၊ သုဓွေးကွင်းကျေးရွာ (အရှေ့ပိုင်း)၊ ရွှေနှင်းဆီလမ်းနေသူများဖြစ်ကြသည့် အောင်အောင်ဦး(ခ)မှဲ့ကြီး(၂၃)နှစ် (ဘ)ဦးနိုင်လင်း၊ သန်းဇော်ထွေး (ခ) မိုးဒီ (၂၁)နှစ် (ဘ)ဦးနိုင်လင်း၊ အောင်ခန့်ဇော်(ခ)ဖားကြီး(၂၄)နှစ် (ဘ) ဦးအောင်မြင့်နှင့် ဟိန်းကိုကို(ခ)ကိုဟိန်း (ခ) ကပ္ပလီ(၂၆)နှစ် (ဘ) ဦးမြင့်နိုင်တို့ ၄ ဦးအား ၉-၈-၂၀၂၄ ရက်နေ့တွင် ၄င်းတို့၏ နေအိမ်အသီးသီး၌ သတ်ဖြတ်လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တရားခံများ၏ ထွက်ဆိုချက်အရ အောင်အောင်ဦး(ခ)မှဲ့ကြီးသည် သေဆုံးသူ ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမအား အကြွေးများမပေးဆပ်လိုခြင်းနှင့် လောင်းကစားပြုလုပ်ရာမှ ငွေကြေးလိုအပ်မှုများ ရှိနေသောကြောင့် ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမ၏ နေအိမ်အတွင်း ဝင်ရောက်သတ်ဖြတ်လုယက်ရန် ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ တရားခံများနှင့် ၃၀-၇-၂၀၂၄ ရက်နေ့တွင် ကြိုတင်တိုင်ပင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အခင်းဖြစ်နေ့တွင် အောင်အောင်ဦး(ခ)မှဲ့ကြီးနှင့် အောင်ခန့်ဇော်(ခ)ဖားကြီးတို့နှစ်ဦးသည် ဒေါ်သန်းသန်းဆင့် (ခ) မအကြီးမ၏ နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဒေါ်သန်းသန်းဆင့်အား အောင်ခန့်ဇော်(ခ)ဖားကြီးမှ ချုပ်နှောင်ပေးပြီး အောင်အောင်ဦး(ခ)မှဲ့ကြီးမှ လည်ပင်းညှစ်၍သတ်ဖြတ်ကာ နေအိမ်ဘီရိုနှစ်လုံးအတွင်းမှ စုစုပေါင်းငွေကျပ် ၉၈၇ သိန်း တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ် ၁ စောင်တို့အား လုယက်ယူဆောင်ခဲ့ကြကြောင်း၊ လုယက်ပြီးနောက် နေအိမ်အနီးတွင် အခြေအနေစောင့်ကြည့်ပေးနေသူ ဟိန်းကိုကို (ခ) ဟိန်းကို(ခ)ကပ္ပလီအား ခေါ်ဆောင်ကာ အောင်သပြေလမ်း၊ ချောင်းကူးတံတားအနီးတွင် အသင့်စောင့်ဆိုင်းနေသည့် သန်းဇော်ထွေး(ခ)မိုးဒီ မောင်းနှင်သော **BGO-11 5N/6631 BONGO** အမျိုးအစား မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရ၍ နေအိမ်အတွင်းဝင်ရောက်ကာ လူသတ်လုယက်မှု ကျူးလွန်ခဲ့သူ အောင်အောင်ဦး (ခ) မှဲ့ကြီးပါ တရားခံ ၄ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း၍ ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့်ပူးပေါင်းကာ အခင်းဖြစ်ပွားပြီးချိန်မှ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲပိုလ်ချုပ်ကြီး ဝင်းဇော်ဦး ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၁၇/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်...မှ

ကြိုးစားသင်ယူသွားကြရန် မှာကြားလိုကြောင်း၊ တစ်ဦးချင်းကျန်းမာကြံ့ခိုင်အောင် **အရက်ဖြတ်၊ ဆေးလိပ်ဖြတ်၊ ကွမ်းယာဖြတ်၊ မူးယစ်ဆေးနဲ့ကင်းအောင်ဖြတ်** ဟူသည့် **ဖြတ် ၄ ဖြတ်**ကို လိုက်နာပြီး တစ်ဦးချင်းကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်၍ မိမိကိုယ်ကိုမိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝထက်မြက်နေစေရန် အတွက် **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာရန်လိုအပ်ကြောင်း၊ တပ်ဖွဲ့ဝင်အားလုံး လေ့ကျင့်သားပြည့်ဝနေစေရန် တပ်ဖွဲ့အလိုက် တစ်ဦးချင်း ကိုင်တွယ်ရမည့် လက်နက်နှင့် ရဲတပ်ဖွဲ့သုံးကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်ရေး လိုအပ်သည့်လေ့ကျင့်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲတိုးတက်မှုနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် အင်္ဂလိပ်ဘာသာစကားအပါအဝင် အခြားဘာသာစကားများ၊ ကွန်ပျူတာ၊ အင်တာနက်နည်းပညာဆိုင်ရာပညာရပ်များကိုလည်း ပိုမိုတိုးတက်ကျွမ်းကျင်အောင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း မိမိတို့ရောက်ရှိတာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် လေ့ကျင့်သင်ကြားပျိုးထောင်ပေးလိုက်သော ပညာရပ်များကို အခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းအမှာစကား ပြောကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်းနှင့် ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၁၇/၂၀၂၃) ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား (၂၁၇)ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး (၁၂၉)ဦး စုစုပေါင်း (၃၄၆) ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

## နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီး လုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ





၁၀-၈-၂၀၂၄ ရက်နေ့ ၁၅၀၀ အချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြတ်လေးလမ်း၊ အကွက်အမှတ်(၅၉၅၈)နေ ဦးသန်းနိုင်ထွန်း(၄၉)နှစ်၏ နေအိမ်၌ လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ ဦးသန်းနိုင်ထွန်းနှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်စောသန္တာဦး(၄၈)နှစ်နှင့် သားဖြစ်သူ ကိုနောင်ရွှေအုပ်စိုး (၂၉)နှစ် တို့အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး အဆိုပါနေအိမ်ရှိ **YGN-36 5E/9185 Ractis** အမျိုးအစား ခဲရောင်မော်တော်ယာဉ်မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဘုရားကုန်းမြို့မရဲစခန်း (ပ) ၃၉/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ- ၃၀၂/၃၉၄/၃၄ ဖြင့် အမှုဖွင့်လှစ်စုံစမ်းစစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်း အထောက်အထားများရယူခြင်း၊ နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်း၊ လုံခြုံရေးဆိုင်ရာအထောက်အကူပစ္စည်းများမှ သတင်းအချက်အလက်များ ရယူဆောင်ရွက်ခဲ့ရာ ၁၁-၈-၂၀၂၄ ရက်နေ့တွင် အဆိုပါ **YGN-36 5E/9185 Ractis** ခဲရောင်မော်တော်ယာဉ်အား ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်ရှိ ရွှေပေါင်းလောင်းတည်းခိုခန်းအနီး လမ်းမပေါ်တွင် တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံများအား ကွင်းဆက်မပြတ် ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံဖြစ်သည့် ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော် (၁၉)နှစ် (ဘ) ဦးကျော်သူ၊ ချောင်းစောက်ကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်နေသူအား ၁၂-၈-၂၀၂၄ ရက်နေ့ ၁၈၃၀ အချိန်တွင် ရန်ကုန်မြို့မှ ချောက်မြို့သို့ ထွက်ခွာလာသည့် မြသရဖူ ခရီးသည်တင်ယာဉ်ပေါ်၌ ဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံ ရဲထက်ကျော် (၁၉)နှစ် (ဘ) ဦးကျော်အေး၊ ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်နေသူအား ၂၂၀၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်း (အနောက်) ကျေးရွာ၌ လူသတ်မှုကျူးလွန်း၍ လုယက်ယူဆောင်ခဲ့သည် လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်နှင့် ရဲထက်ကျော်တို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် သေဆုံးသူ နောင်ရွှေအုပ်စိုးနှင့် မိတ်ဆွေသူငယ်ချင်းများဖြစ်ကြပြီး နောင်ရွှေအုပ်စိုးမှာ မူးယစ်ဆေးဝါးသုံးစွဲလေ့ရှိသူဖြစ်ကြောင်း၊ နောင်ရွှေအုပ်စိုး၏ နေအိမ်၌ ၎င်းတို့နှစ်ဦးနှင့်အတူ မကြာခဏ အရက်နှင့်ထန်းရည် အတူသောက်ခြင်းတို့ကိုပြုလုပ်လေ့ရှိကြောင်း၊ တရားခံရဲထက်ကျော်မှ ဆိုင်ကယ်အသစ်ဝယ်ယူရန်အတွက် ငွေကြေးလိုအပ်နေသဖြင့် သူငယ်ချင်းဖြစ်သူ နောင်ရွှေအုပ်စိုးတို့ မိသားစုအား သတ်ဖြတ်ပြီး ၎င်းတို့ပိုင် မော်တော်ယာဉ်အား ရောင်းချပါက ငွေများရရှိနိုင်ကြောင်း၊ ရောင်းချငွေများအား ၎င်းတို့နှစ်ဦးမှ တစ်ဝက်စီခွဲဝေယူရန် တိုင်ပင်ခဲ့ကြပြီး ၈-၈-၂၀၂၄ ရက်နေ့ ၁၉၀၀ အချိန်တွင် နောင်ရွှေအုပ်စိုး၏နေအိမ်သို့ သွားရောက်၍ အရက်အတူသောက်စားခဲ့ပြီးနောက် နောင်ရွှေအုပ်စိုးနှင့် ၎င်း၏မိဘများဖြစ်သည့် ဦးသန်းနိုင်ထွန်း၊ ဒေါ်စောသန္တာဦးတို့ သုံးဦးအား အသင့်ယူဆောင်လာသည့် သစ်သားတုတ်၊ ဓားများဖြင့် ရိုက်နှက်ထိုးခုတ်သတ်ဖြတ်ခဲ့ကာ နေအိမ်ရှိ လက်ကိုင်ဖုန်းလေးလုံး၊ **YGN-36 5E/9185 Ractis** အမျိုးအစား ခဲရောင်မော်တော်ယာဉ်တစ်စီးတို့အား ယူဆောင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရပြီး တရားခံများဖြစ်ကြသည့် ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်နှင့် ရဲထက်ကျော်တို့သည် ငွေကြေးလိုအပ်အချက်အရ သူငယ်ချင်းဖြစ်သူနှင့် ၎င်း၏မိဘများအား သတ်ဖြတ်ကာ လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး တရားခံများအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ










ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၏ သား/သမီး၊ ကျောင်းသား/သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ၂၅–၇–၂၀၂၄ ရက်နေ့တွင် နေပြည်တော်၊ ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား/သူများနှင့် မိဘများ၊ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား/သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် “ပညာမြင့်မှလူမျိုးတင့်မည်”ဆိုသည့် ဆောင်ပုဒ်သည် မည်သည့်ခေတ်ကာလအတွက်မဆို အမြဲမှန်ကန်မှုရှိနေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက်(၁)ရပ်ဖြစ်သည့် “တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ရေး” အတွက် လိုအပ်သောနည်းပညာမြင့်မားတိုးတက်မှုနှင့် စည်းကမ်းပြည့်ဝမှုတို့သည် ပညာရေးမြင့်မားခြင်းအပေါ်တွင် မူတည်ပါကြောင်း၊ လူငယ်များသည် တက်ကြွနိုးကြားပြီး စူးစမ်းလေ့လာလိုစိတ်တို့ဖြင့် တော်တည့်မှန်ကန်သောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်မည်ဆိုပါက နိုင်ငံတော်အတွက်အရည်အသွေးပြည့်ဝသော သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်လာနိုင်ကြောင်း၊ ကျောင်းသားမိဘဝန်ထမ်းများအနေဖြင့်လည်း သားသမီးများအား ပညာအမွေလက်ဆင့်ကမ်းကာ မိမိတို့ထက်သာလွန်သော နိုင်ငံ့သားကောင်းရတနာများဖြစ်စေရေး ဆုံးမသွန်သင်ပေးရန်နှင့် ကောင်းမွေပေးရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထို့အပြင် “စဉ်ဆက်မပြတ်ကိုယ်တိုင်လေ့လာသင်ယူမှု”သည်လည်း အရေးကြီးကြောင်း၊ စဉ်ဆက်မပြတ် ကိုယ်တိုင်လေ့လာသင်ယူနိုင်စေရန် အခြေခံအကျဆုံး **Infrastructure** သည် စာကြည့်တိုက်များဖြစ်ပြီး “စာမတတ်သူပပျောက်ရေး”မှသည် “စာမဖတ်သူပပျောက်ရေး”ကိုလည်း စာဖတ်ရှုနိုင်မြှင့်တင်၍ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ခြောက်ဘာသာဂုဏ်ထူးရှင် ၅ ဦးနှင့် ပြည်ထောင်စုဝန်ကြီး၏ဇနီးက ခြောက်ဘာသာဂုဏ်ထူးရှင် ၅ ဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ ဇနီးက ခြောက်ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက ခြောက်ဘာသာဂုဏ်ထူးရှင် ၂ ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် ၂ ဦးနှင့် ဒုတိယဝန်ကြီး၏ဇနီးမှ ငါးဘာသာဂုဏ်ထူးရှင် ၄ ဦးအားလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငါးဘာသာဂုဏ်ထူးရှင် ၄ ဦးအားလည်းကောင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငါးဘာသာဂုဏ်ထူးရှင် ၄ ဦးအားလည်းကောင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငါးဘာသာဂုဏ်ထူးရှင် ၄ ဦးအားလည်းကောင်း၊ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် အောင်နိုင်သူက လေးဘာသာဂုဏ်ထူးရှင် ၄ ဦးအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများက လေးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉ ဦးအားလည်းကောင်း၊ ပညာထူးချွန်ဆုများ ပေးအပ်ခဲ့ပါသည်။

ထို့နောက် ဂုဏ်ထူးရ ကျောင်းသား/သူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား/သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။ ဆက်လက်၍ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီးနောက် ကျောင်းသား/သူများက “မြန်မာ့ကျောင်း”သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပါသည်။

ယခုကျင်းပသော အခမ်းအနား၌ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၏ သား/သမီး၊ ကျောင်းသား/သူများအနက်မှ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၆၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၇ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၃၁၃ ဦး၊ ရိုးရိုးအောင်မြင်သူ ၇၉၇ ဦးတို့အား ဒုတိယအကြိမ် ပညာသင်စရိတ်အဖြစ် ချီးမြှင့်ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။